# လွင်လွင် ကိန်းဂဏန်းများကို သင်ယူခြင်း

## ပုံပြင် (၁)

# လွင်လွင် များတာနှင့် နည်းတာကို သင်ယူခြင်း



ပုံပြင် (၁)

# လွင်လွင် များတာနှင့် နည်းတာကို သင်ယူခြင်း။

စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်းမှာ လွင်လွင် သူ့အမေကို ကူညီပေးတယ်။ လွင်လွင် သူ့အမေကို ကူညီပေးနေစဉ် ကိန်းဂဏာန်းတွေအကြောင်း သင်ယူတယ်။

ဒီပထမပုံပြင်မှာ လွင်လွင် ဘယ်လိုသင်ယူသလဲ ဆိုတဲ့ အကြောင်းပါတယ်။

အရင်စနေနေ့တုန်းက လွင်လွင်က သူ့အမေကို ပြောတယ်။

လွင်လွင် ။ ။ မေမေ ဒီနေ့ သမီးဘာကူလုပ်ပေးရမလဲ။

အမေ ။ ။ ဒီနေ့ သမီးဦးဦး၊ ဒေါ်ဒေါ်နဲ့ သမီးရဲ့ ဝမ်းကွဲညီအစ်မ ၂ ယောက် နေ့လယ်စာ စားကြမယ်။ သမီးက ပန်းကန်ပြားတွေ၊ ဇွန်းတွေ၊ ခွက်တွေ အဆင်သင့် ပြင်ပေးရမယ်။

လွင်လွင် ။ ။ အားလုံး ဘယ်နှယောက်ရှိမလဲ။



အမေ ။ ။ လက်ချိုး ရေကြည့်လိုက်ပါလား။
သမီးရယ်၊ မေမေရယ်၊ အစ်မကြီးနဲ့
ဘိုးဘိုးရယ်၊ နောက်ပြီး ဦးဦး၊ ဒေါ်ဒေါ်၊
သမီးအစ်မဝမ်းကွဲ ၂ ယောက်
ရွှယ်တောင်နဲ့ ဂျာဆိုင်း၊
ဒါဆိုရင် ဘယ်နှယောက်ရှိသွားပြီလဲ။

လွင်လွင် ။ ။ ဖေဖေနဲ့ အစ်ကိုကရော။

အမေ ။ ။ ဖေဖေနဲ့ အစ်ကိုတို့က နေ့လယ်စာ
လာမစားဘူး။

လွင်လွင် ။ ။ ဟုတ်ပြီ။ ဒါဆိုရင် မေမေ၊ သမီး၊
အစ်မ၊ ဘိုးဘိုး၊ နောက်ပြီး ဦးဦး၊
ဒေါ်ဒေါ်၊ ရွှယ်တောင်နဲ့ ဂျာဆိုင်း၊
အားလုံးပေါင်း ၈။

# ၄ နဲ့ ၄

အမေ ။ ။ ၈ ၊ မှန်တယ်။



လွှင်လွှင် ထမင်းစားခန်းကို သွားတယ်။
တံမြက်စည်းလှည်း၊ အခန်းရှင်း၊ စားပွဲကို သုတ်တယ်။

နောက် လင်ပန်း နှစ်ချပ်ယူပြီး ကြောင်အိမ်ကို
သွားတယ်။

ပထမဆုံး သူပန်းကန်ပြား အထပ်လိုက်
ယူလိုက်တယ်။

နောက်ဇွန်းတွေကို လက်တစ်ဆုပ် ယူလိုက်တယ်။

ပန်းကန်ပြားနဲ့ ဇွန်းတွေကို လင်ပန်းတစ်ချပ်ပေါ်
တင်ထားတယ်။

နောက်ပြီး ဒီပြင် လင်ပန်းတစ်ချပ်ပေါ်ကို ခွက်တွေ
တင်တယ်။



လွင်လွင် ပန်းကန်ပြားအချပ်တွေကို ကြည့်ပြီး-

လွင်လွင် ။ ။ ပန်းကန်ပြားတွေက ၈ ချပ်ထင်တယ်။
ရေကြည့်လိုက်ဦးမယ်။

သူပန်းကန်ပြားတွေကို စီလိုက်ပြီး ရေကြည့်တယ်။

လွင်လွင် ။ ။ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀။
အို - ၈ ချပ်ထက်များသွားပြီ။
၂ ခုတောင်များသွားပြီ။

လွင်လွင် ပန်းကန်ပြား ၂ ချပ်ကို ကြောင်အိမ်ထဲ ပြန်ထည့်လိုက်တယ်။ ဒါဆိုရင် သူ့မှာ ၈ ချပ်ရသွားပြီ။



လွင်လွင် သူ့လက်တစ်ဆုပ်စာ ဇွန်းတွေကို ကြည့်လိုက်တယ်။

လွင်လွင် ။ ။ ဇွန်းတွေက ၈ ချောင်းထင်တယ်။
ရေကြည့်လိုက်ဦးမယ်။

သူဇွန်းတစ်ချောင်းစီကို ပန်းကန်ပြားတစ်ချပ်စီပေါ် တင်ပြီး ရေကြည့်တယ်။

လွင်လွင် ။ ။ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇။
အို - ၈ ခုထက်နည်းနေပါလား။
၁ ခုနည်းနေတယ်။

လွင်လွင်ကြောင်အိမ်ထဲက နောက်ထပ်ဇွန်း ၁ ချောင်း ထပ်ယူလိုက်တယ်။ဒါဆိုရင် သူ့မှာ ဇွန်း ၈ ချောင်း ရသွားပြီ။



လွင်လွင် လင်ပန်းထဲက ခွက်တွေကို ကြည့်လိုက်တယ်။

လွင်လွင် ။ ။ ခွက်တွေက ၈ ခွက်ထင်တယ်။
ရေကြည့်လိုက်ဦးတယ်။

သူခွက်တစ်ခွက်စီကို ပန်းကန်ပြားတစ်ချပ်စီပေါ် တင်ပြီး ရေကြည့်တယ်။

လွင်လွင် ။ ။ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈။
အို - ငါ့မှာ ၈ ခုထက်လည်း မများပါလား။ ငါ့မှာ ၈ ခုထက်လည်း မနည်းပါလား။ ငါ့မှာ ခွက် ၈ ခွက် အတိအကျပဲရတယ်။



လွင်လွင် ပန်းကန်ပြား ၈ ချပ်၊ ဇွန်း ၈ ချောင်း၊ ခွက် ၈ ခွက်ကို ဆေးပြီး၊ ခြောက်အောင်သုတ်ပြီး စားပွဲပေါ်မှာ သွားထားတယ်။

ပထမဆုံး စားပွဲပေါ်မှာ ပန်းကန်ပြား ၈ ချပ် ချထားတယ်။ နောက် ပန်းကန်ပြားတစ်ချပ်စီဘေးမှာ ဇွန်းတစ်ချောင်းစီ ချထားတယ်။ အဲဒီနောက် ပန်းကန်ပြားတစ်ချပ်နှင့် ဇွန်းတစ်ချောင်းစီဘေးမှာ ခွက်တစ်ခွက်စီ ချထားတယ်။



လွင်လွင် ပန်းကန်ပြားတွေ၊ ဇွန်းတွေနှင့် ခွက်တွေကို ပြန်စစ်ကြည့်တယ်။

သူ့ပန်းကန်ပြားတွေကို ရေကြည့်တယ်-
၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈။
သူ့ဇွန်းတွေကို ရေကြည့်တယ်-
၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈။
သူ့ခွက်တွေကို ရေကြည့်တယ်-
၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈။

လွင်လွင် ။ ။ ဟုတ်ပြီ။ များလည်း မများဘူး။
နည်းလည်း မနည်းဘူး။ အတူတူပဲ။
လူ ၈ ယောက်အတွက် ပန်းကန်ပြား
၈ ချပ်၊ ဇွန်း ၈ ချောင်းနဲ့
ခွက် ၈ ခွက်။



လွင်လွင် ကိန်းဂဏန်းများကို သင်ယူခြင်း

ပုံပြင် (၁)

# လွင်လွင် များတာနှင့်
# နည်းတာကို သင်ယူခြင်း



သရုပ်ဖော်ကာတွန်း - မိုးထက်မိုး

design - မိုးထက်မိုး




ပညာ

unicef

ယူနီဆက်မှ အခမဲ့ ဖြန့်ဝေသည်။

ရောင်းချရန် မဟုတ်ပါ။